မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# jyewr;


**အမှတ် ၃၅ ]** ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် ) } **သောကြာနေ့ [ အတွဲ ၆၈**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

**ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သော **"ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်"** တွင် အဖွဲ့ဝင် ဒေါက်တာသန်းဆွေ၊ ပါမောက္ခချုပ် (အငြိမ်းစား)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် **အစား** ဒေါက်တာဒေါ်တင်လှကြည်၊ ပါမောက္ခ (ဌာနမှူး) (အငြိမ်းစား)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ (မူကြမ်း)
## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စက်မှုဒီဇိုင်း**ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ရက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန် တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းသဏ္ဌာန်ကို ဆိုသည်၊

(ခ) **ထုတ်ကုန်**ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့် အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်ပါ၊

(ဂ) **မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် စက်မှုဒီဇိုင်း ပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော အဖွဲ့အစည်းကို ဆိုသည်၊

(ဃ) **ဖန်တီးသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်၊

(င) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ဤဥပဒေပါ ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်၊

(စ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ခံဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသည့် အရာရှိကို ဆိုသည်၊

(ဆ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများပြုလုပ်ရန် ဤဥပဒေအရ တာဝန်ခံဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသည့် အရာရှိကို ဆိုသည်၊

(ဇ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင် ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်၊

(ဈ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်၊

(ည) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး**ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို ဆိုသည်၊

(ဋ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်၊

(ဌ) **တရားရုံး**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားသူကြီးရုံးထိုင်သည့် တရားရုံးကို ဆိုသည်၊

(ဍ) **အလုပ်သမား**ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အဖွဲ့အစည်း တစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်၊

(ဎ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ၎င်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများအား အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊

(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊

(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့်စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို တည်ထောင်ခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို လမ်းညွှန်မှုပေးခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ဖော်ပြချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော မှတ်ပုံတင်အရာရှိများ၊ ဒုတိယမှတ်ပုံတင်အရာရှိများနှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဆ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် လိုအပ်သော စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဋ) ဤဥပဒေပါ အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့၏ လုပ်ငန်းတာဝန်များ

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများအား တောင်းခံခြင်း၊

(င) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းတို့ကို ဆုံးဖြတ်ခြင်း၊

(စ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူကို အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊

(ဆ) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(ဇ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဈ) မှတ်ပုံတင်ထားသောစက်မှုဒီဇိုင်းအား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ထားရှိခြင်း၊

(ည) စက်မှုဒီဇိုင်းမှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဋ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ရန်အတွက် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) စက်မှုဒီဇိုင်းလျှောက်ထားချက်များကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်၊ မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) တာဝန်ခံဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း

၇။ စက်မှုဒီဇိုင်းများသည် အသစ် သို့မဟုတ် မူလဖြစ်သည့်အပြင် တုပမှီခိုမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်ဖြစ်သည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့်ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်း မရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်။

၉။ (က) အများသိရှိထားပြီးဖြစ်သော ဒီဇိုင်းများနှင့် ထပ်တူညီသော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မမှတ်ယူရ၊

(ခ) အများသိရှိထားပြီးဖြစ်သော ဒီဇိုင်း၏ သွင်ပြင်လက္ခဏာများ စုပေါင်းထားခြင်းဖြစ်သည့် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော ဒီဇိုင်းများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှု မရှိသည့် စက်မှုဒီဇိုင်းသည် မူလဖြစ်သည်ဟု မမှတ်ယူရ။

## အခန်း (၆)
## အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း

၁၀။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် စက်မှုဒီဇိုင်းသည် အကာအကွယ်မရရှိစေရ-

(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ကြံဆချက်များဖြင့်သာ ပုံဖော်ထားခြင်း၊

(ခ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကို ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကို ဖြစ်စေ ထိပါးစေခြင်း။

## အခန်း (၇)
## စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူများ

၁၁။ စက်မှုဒီဇိုင်းဖန်တီးသူကဖြစ်စေ၊ ၎င်း၏တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ ၎င်း၏တရားဝင် လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

၁၂။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ဖန်တီးခဲ့ခြင်းဖြစ်လျှင် ၎င်းတို့အားလုံးသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၃။ အလုပ်ရှင်နှင့်အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်း သဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ -

(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် သီးခြားသဘောတူညီချက် မရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်၊

(ခ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ၎င်း၏လုပ်ငန်းနယ်ပယ်နှင့် ဆက်နွယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်သမားကဖန်တီးရာတွင် ယင်းစက်မှုဒီဇိုင်းကို ဖန်တီးရန်အတွက် အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြုခဲ့လျှင်၊ သီးခြားသဘောတူညီချက်မရှိပါက အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အလုပ်ရှင်သည် အဆိုပါစက်မှုဒီဇိုင်းအပေါ် တစ်ဦးတည်းပိုင်မဟုတ်သော လိုင်စင်ရရှိမည်ဖြစ်သည်၊

(ဂ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်ရှင်အား ဆက်သွယ်အကြောင်းကြားသည့်နေ့ သို့မဟုတ် အလုပ်ရှင်မှ သိရှိသည့်နေ့တို့အနက် ပို၍စောသည့်နေ့ရက်မှ ၆ လအတွင်း အဆိုပါစက်မှုဒီဇိုင်းကို အလုပ်ရှင်မှ မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်၊

(ဃ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် စက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါစက်မှုဒီဇိုင်းသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ၎င်း၏အလုပ်သမားက ဖန်တီးခဲ့သော စက်မှုဒီဇိုင်းဖန်တီးမှုမျိုးဖြစ်လျှင် သီးခြားသဘောတူညီချက် မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟု မှတ်ယူပြီး အလုပ်ရှင်မှ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည် -

(၁) အလုပ်ရှင်မှ အဆိုပါ စက်မှုဒီဇိုင်းဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်းသဘောတူညီခဲ့ခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် အလုပ်ရှင်မှ ငြင်းဆိုခြင်း မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ဂ) အတိုင်း တင်ပြနိုင်ခြင်း။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်းဖန်တီးမှုမှအပ အခြားသော စက်မှုဒီဇိုင်းဖန်တီးမှုကို ပြုလုပ်ခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက ယင်းစက်မှုဒီဇိုင်းအတွက် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

## အခန်း (၈)

## စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်း

၁၄။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူသည် မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၁၅။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် အပြည်ပြည်ဆိုင်ရာစက်မှုဒီဇိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစား တစ်ခုတည်းတွင် အကျုံးဝင်ပါက ယင်းစက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထားနိုင်သည်၊

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။ မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။ ယင်းဘာသာပြန်ဆိုချက်ကို လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၆။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာ၊

(ဂ) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(ဃ) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော တင်ပြချက်၊

(င) လျှောက်ထားသည့် ထုတ်ကုန်များ သို့မဟုတ် ယင်းထုတ်ကုန်များတွင် ရုပ်လုံးဖော်ထားသော စက်မှုဒီဇိုင်းများ၏ အမည်နှင့်အမျိုးအစား၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၇။ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) မှ (င) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်သော စက်မှုဒီဇိုင်းလျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လက်ခံရရှိသည့် နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မတူညီသော နေ့ရက်အသီးသီးတွင် မှတ်ပုံတင်လျှောက်ထားလာပါက လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များအရ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူသာလျှင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၁၉။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မှတ်ပုံတင်ပေးရန် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက ဦးစွာမှတ်ပုံတင်လျှောက်ထားချက် တင်သွင်းခဲ့ကြောင်း တင်ပြနိုင်သူကသာ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၂၀။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ပြု၊ မပြုဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်း၌ဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်၊

(ခ) တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းလျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံး သို့မဟုတ် အချို့နှင့်စပ်လျဉ်း၍ လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်၊

(ဂ) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားလျှောက်ထားခွင့်ပြုရန် တောင်းဆိုနိုင်သည်၊

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များ တင်သွင်းသည့်နေ့ရက်ကို သတ်မှတ်ရာတွင် မူလလျှောက်ထားချက် တင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူရမည်။

## အခန်း (၉)

## မှတ်ပုံတင်လုပ်ထုံးလုပ်နည်း

၂၁။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၅၊ ၁၆ တို့နှင့် ညီညွတ်ခြင်းမရှိသောလျှောက်ထားချက်ကို လိုအပ်သလိုပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံအကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဖြည့်စွက်ရန် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းအား ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင် သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်ရမည်၊

(ဂ) ပုဒ်မ ၁၅၊ ၁၆ တို့နှင့် ညီညွတ်သော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်၊

(ဃ) လျှောက်ထားသူမှ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်တောင်းဆိုချက် ပါရှိခဲ့လျှင် ရွှေ့ဆိုင်း သည့်ကာလကုန်ဆုံးသည့်နေ့ရက် မတိုင်မီအထိ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်းမပြုရ။

## အခန်း (၁၀)

## ကန့်ကွက်ချက်လုပ်ထုံးလုပ်နည်း

၂၂။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ် သို့မဟုတ် မူလမဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၀ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထား ပေါ်ပေါက်လာခြင်း။

၂၃။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာ တင်သွင်းလျှောက်ထားလာပါက သတ်မှတ်ထားသော အချိန် ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ထုတ်ပြန် ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်း မရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက် ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ဂ) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထား သူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန် ကြေညာရမည်၊

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

## အခန်း (၁၁)
## အခကြေးငွေများ

၂၅။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် မှတ်ပုံတင်လျှောက်ထားခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးခ၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်တမ်းတင်ခ၊ လိုင်စင်ပေးခြင်း မှတ်တမ်းတင်ခ၊ ထုတ်ပြန်ကြေညာခတို့အပါအဝင် လိုအပ်သော စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခကြေးငွေများကို တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ရမည်။

၂၆။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်ကို ရုပ်သိမ်းခဲ့လျှင်သော်လည်းကောင်း၊ ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း ပေးသွင်းခဲ့သော အခကြေးငွေများကို ပြန်လည်ထုတ်ပေးခြင်း ပြုမည်မဟုတ်။

၂၇။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထပ်မံထုတ်ပေးရန် အသိဉာဏ်ပစ္စည်းမှုပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စိစစ်၍ စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်၊

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စိစစ်၍ ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၂)
## စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၂၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့်ကာလကို လျှောက်ထားချက်တွင် ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။ အဆိုပါရွှေ့ဆိုင်းပေးစေလိုသည့်ကာလသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသည့်နေ့ရက်မှ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့ရက်မှ ၁၈ လထက် မပိုစေရ။

၂၉။ လျှောက်ထားသူသည် ပုဒ်မ ၂၈ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သည့်တိုင် အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

၃၀။ မှတ်ပုံတင်အရာရှိသည် -

(က) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ပုဒ်မ ၂၈ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်၊

(ခ) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းထားသည့်ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက် တင်သွင်းသည့်ရက်၊ တောင်းဆိုထားသည့်ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်၊

(ဂ) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းသည့် သတ်မှတ်ကာလကုန်ဆုံးလျှင် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၃)

## ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး

၃၁။ ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံး၌ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ပထမဆုံး လျှောက်ထားခဲ့သည့်နေ့ရက်မှ ၆ လအထိ ဦးစားပေးအခွင့်အရေး ခံစားခွင့်ရှိသည်။

၃၂။ လျှောက်ထားသူသည် ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည် ဆိုင်ရာ ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ခင်းကျင်းပြသခဲ့ပါက စတင်ခင်းကျင်းပြသခဲ့သည့်နေ့ရက်မှ ၆ လ အတွင်း လျှောက်ထားခဲ့ခြင်းဖြစ်လျှင် ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁ တွင် ဖော်ပြထားသော ဦးစားပေး အခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း (၁၄)

## စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့် သက်တမ်းတိုးခြင်း

၃၄။ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း၏ ပထမသက်တမ်းသည် အဆိုပါစက်မှုဒီဇိုင်းအား မှတ်ပုံတင် လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်မှ ၅ နှစ် ဖြစ်သည်၊

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းအား ဒုတိယနှင့် တတိယသက်တမ်းများအတွက် ၅ နှစ်စီ ထပ်မံ သက်တမ်းတိုးနိုင်သည်။ မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းသည် လျှောက်ထားသည့်နေ့ရက်မှ စုစုပေါင်း ၁၅ နှစ် ဖြစ်သည်။

၃၅။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပထမ ၅ နှစ် သက်တမ်းကုန်ဆုံးပြီးနောက် မှတ်ပုံတင်စက်မှု ဒီဇိုင်းသက်တမ်းကာလကို တိုးမြှင့်လိုပါက -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း သက်တမ်းကာလကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၆ လအတွင်း မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခြင်းအတွက် အခကြေးငွေများကို ပေးသွင်းရမည်၊

(ခ) သက်တမ်းကာလကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအတွက် အခကြေးငွေပေးသွင်းလျှင် ရက်လွန်ကြေးကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

၃၆။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း ပေးသွင်းခြင်းမရှိပါက မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှတ်ပုံတင်ခြင်းမှ ရပ်စဲစေ ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ရပ်စဲသွားသည့် မှတ်ပုံတင်စက်မှုဒီဇိုင်းကို သတ်မှတ်ထားသော နည်းလမ်း များနှင့်အညီ ထုတ်ပြန်ကြေညာရမည်၊

(ဂ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းတို့အတွက် အခကြေးငွေများ ပေးသွင်းမှုတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

## အခန်း (၁၅)

## မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများ

၃၇။ စက်မှုဒီဇိုင်းကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးနောက် ဤဥပဒေပါ မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ ထိုအခွင့်အရေးများကို အခန်း (၁၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းကာလအတွင်း၌သာ ခံစားခွင့်ရှိစေရမည်။

၃၈။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှုပွားထားသည့် သို့မဟုတ် မှတ်ပုံတင်စက်မှုဒီဇိုင်း၏ အဓိက အချက်များအား မှုပွားထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ၎င်း၏သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်၊

(၂) မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၆) နှင့် အခန်း (၁၇) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေး များကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းပြုနိုင်သည်။

၃၉။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ၎င်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘော တူညီထားခြင်းမရှိလျှင် -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်တစ်ဦးချင်းစီသည် အညီအမျှဖြစ်သော မခွဲဝေရသေးသည့် မှတ်ပုံတင် စက်မှုဒီဇိုင်းအခွင့်အရေးဝေစုကို ခံစားခွင့်ရှိသည်၊

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် ၎င်း၏အညီအမျှဖြစ်သော မခွဲဝေရသေးသည့် ဝေစုကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းပြုနိုင်သည်၊

(ဂ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေး ထိပါး ချိုးဖောက်သူအား အခြားသောမှတ်ပုံတင်စက်မှုဒီဇိုင်း ပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက် ရယူရန်မလိုဘဲ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါအတိုင်း တရားစွဲဆိုခွင့်ရှိသည်၊

(ဃ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီ၏ အခွင့်အရေးများအား တရားဝင်ရပ်တည်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၀။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် အောက်ပါအချက်တစ်ရပ်ရပ်တွင် မိမိ၏မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးများကို ကျင့်သုံးခြင်းမရှိစေရ -

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန်အတွက် ပြန်လည်ထုတ်လုပ်ရန် ဆောင်ရွက်မှုများ။

၄၁။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်၏ အခွင့်အရေးများသည် ၎င်း၏စက်မှုဒီဇိုင်းအား ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်ခြင်း မရှိစေရ။

## အခန်း (၁၆)
## မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၂။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ရပ်တည်သော အဖွဲ့အစည်းကိုဖြစ်စေ ၎င်း၏မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၃။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်အသစ်နှင့် မူလမှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်တို့မှ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး တောင်းဆိုလာပါက မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပြီး ထုတ်ပြန်ကြေညာရမည်။

၄၄။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၄၅။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း (၁၇)
## မှတ်ပုံတင်စက်မှုဒီဇိုင်းကို လိုင်စင်ပေးခြင်း

၄၆။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ရပ်တည်သော အဖွဲ့အစည်းကိုဖြစ်စေ ၎င်း၏မှတ်ပုံတင်စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၇။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လိုင်စင်ရရှိသူသည် လိုင်စင်မိတ္တူမှန်နှင့်အတူ သတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းပြီး မှတ်တမ်းတင်ပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၄၈။ မှတ်ပုံတင်အရာရှိသည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၉။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။

၅၀။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း (၁၈)
## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေခြင်းနှင့် ပယ်ဖျက်ခြင်း

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော မှတ်ပုံတင်စက်မှုဒီဇိုင်းသည် ပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် အများကို ထိခိုက်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါစက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပျက်ပြယ်စေရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၂။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အဆိုပါစက်မှု

ဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပယ်ဖျက်နိုင်သည် -

(က) ပုဒ်မ ၁၀ ပါ အကာအကွယ်မရရှိနိုင်သောအချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ် သို့မဟုတ် မူလမဖြစ်ခြင်း၊

(ဃ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်စက်မှုဒီဇိုင်း ပျက်ပြယ်စေခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်အပေါ် အခြေခံခြင်း။

၅၃။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လ အတွင်း သက်တမ်းတိုးမြှင့်ပေးရန်အတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း။

၅၄။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းကို ပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ပြီးပါက အဆိုပါပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၉)
## အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်လျှောက်ထားခြင်း

၅၅။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာစက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပါက မြန်မာနိုင်ငံတွင် အကျိုးသက်ရောက်စေရန် လျှောက်ထားသည့် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်လျှောက်ထားခြင်းကိုဖြစ်စေ၊ မြန်မာနိုင်ငံမှ လျှောက်ထားမည့် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင် လျှောက်ထားခြင်းကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

## အခန်း (၂၀)
## အယူခံခြင်း

၅၆။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်ကြောင်း ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဦးစီးဌာနသို့ ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၅၇။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တရားရုံးသို့ အယူခံဝင်နိုင်သည်။

## အခန်း (၂၁)

## စက်မှုဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်မှုများအတွက် တရားရုံးက ဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများ

၅၈။ (က) တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ရပြီးလျှင်ပြီးချင်း တင်သွင်းသော ကုန်ပစ္စည်းများ အပါအဝင် စက်မှုဒီဇိုင်း အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်၊

(၂) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရနိုင်သော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ဂ) တရားရုံးသည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ကျေနပ်စေလောက်သည့် ခိုင်လုံသောအထောက်အထားဖြစ်စေရန်အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားများ တင်ပြရန် တောင်းဆိုနိုင်သည်၊

(၂) လျှောက်ထားသူက အလွဲသုံးစားပြုလုပ်လျှောက်ထားခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အား ကာကွယ်ရန်အတွက် အာမခံချက်တစ်ရပ် တင်သွင်းရန် လျှောက်ထားသူအား တောင်းဆိုနိုင်သည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏မျက်ကွယ်၌ ချမှတ်သော ယာယီအရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေးအကြောင်းကြားရမည်၊

(င) အရေးယူဆောင်ရွက်ချက်များကို တရားရုံးက သတ်မှတ်သည့် သင့်လျော်သောအချိန်ကာလ အတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်၊

(စ) အရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တစ်ဖက်အမှုသည်၏ တောင်းဆိုချက်အရ ကြားနာခွင့် အပါအဝင် ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ဆောင်ရွက်ရမည်၊

(ဆ) တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အခြားသတင်းအချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံမှ တောင်းဆိုနိုင်သည်၊

(ဇ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အရေးယူဆောင်ရွက်ချက်များကို ချမှတ်သော တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့်အချိန်ကာလထက် မပိုသော အချိန်အတွင်း တရားစွဲဆိုမှုအပေါ် ဆောင်ရွက်ချက်များကို စတင်ခဲ့ခြင်းမရှိခဲ့လျှင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) တို့ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို တရားပြိုင်၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် တစ်နည်းအားဖြင့် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်၊

(ဈ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအား ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ စက်မှုဒီဇိုင်းအခွင့်အရေး ချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် နစ်နာမှုနှင့်ညီမျှသည့် သင့်လျော်သော လျော်ကြေးပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်နိုင်သည်။

၅၉။ တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အကောက်ခွန်ကင်းလွတ်ခွင့် ရပြီးလျှင်ပြီးချင်း တင်သွင်းလာသော စက်မှုဒီဇိုင်းအခွင့်အရေး ချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်း အပါအဝင် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(ခ) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် လုံလောက်သောနစ်နာကြေးအား ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ ပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့်၊ သင့်လျော်သောကိစ္စရပ်များတွင် တရားရုံးသည် မူလရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရရှိစေရန် အစားထိုးအမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် ကျသင့်သော ကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်။

၆၀။ အရေးယူမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသော အခွင့်အရေးရရှိသူသည် ထိုကဲ့သို့ အလွဲသုံးစားပြုခြင်းကြောင့် နစ်နာမှုအတွက် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေးပေးဆောင်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားရုံးသည် တရားပြိုင်၏ကျသင့်သော ရှေ့နေစရိတ် အပါအဝင်ဖြစ်သော တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူက ပေးဆောင်ရန် အမိန့် ချမှတ်နိုင်သည်။

၆၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို

အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူ ပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် ဆီလျော်သည့် ခိုင်လုံသော သက်သေခံအထောက်အထား များသည် တရားပြိုင်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက် များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များအား မပေးပို့ နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၆၂။ တရားရုံးသည် မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်း များကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါ ဖြစ်ကြောင်း မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား အသိပေးစေရန် ထိပါး ချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၆၃။ မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းအတွက် တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန်အတွက် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက် နိုင်သည်။

## အခန်း (၂၂)
## ပြစ်ဒဏ်များ

၆၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့် စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုမီ သတ်မှတ်ထားသည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၆၅။ မည်သူမဆို တရားရုံးက ပုဒ်မ ၆၂ အရ ချမှတ်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၂၃)

## အထွေထွေ

၆၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးအရဖြစ်စေ စီရင်ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တရားရုံးများကို ဖွဲ့စည်းနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ တရားရုံးများကို ဖွဲ့စည်းခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အခွင့်အာဏာအပ်နှင်းထားသော တရားသူကြီးရုံးထိုင်ရာ တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်၊

(ဂ) တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၆၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူအား တင်ပြကြားနာခွင့်ပေးရမည်။

၆၈။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြား သက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါ ပစ္စည်းကို စီမံခန့်ခွဲရန်အတွက် အမိန့်ချမှတ်ရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အစိုးရဌာနနှင့် တရားဝင်ရပ်တည်သော အဖွဲ့အစည်း တစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၇၂။ စက်မှုဒီဇိုင်းအငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားမကြောင်းအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက်ညှိနှိုင်းစေခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသည့်နည်းလမ်းအရဖြစ်စေ ဖြေရှင်းနိုင်သည်။

၇၃။ စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို တရားမကြောင်းဖြင့် တရားရုံးသို့ တရားစွဲဆိုလျှောက်ထားနိုင်သည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) တာဝန်ခံဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတို့သည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၇၅။ The Burma Patents and Designs (Emergency Provisions) Act, 1946 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက် )

**ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကုန်အမှတ်တံဆိပ် ဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ကုန်အမှတ်တံဆိပ်ဥပဒေ (မူကြမ်း)

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၇ ခုနှစ်၊ လဆန်း ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကုန်အမှတ်တံဆိပ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများမှ ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊

အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့ အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့်တစ်ခု ပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင် အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

(ခ) **ကုန်အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဂ) **ဝန်ဆောင်မှုအမှတ်တံဆိပ်**ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဃ) **စုပေါင်းပိုင်အမှတ်တံဆိပ်**ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း၊ အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များ ပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(င) **အသိအမှတ်ပြုအမှတ်တံဆိပ်**ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသော အချက်အလက်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(စ) **ပထဝီဆိုင်ရာအညွှန်း**ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများ ပါရှိသည့် ကုန်ပစ္စည်း ထွက်ရှိရာ နိုင်ငံ၏နယ်မြေ၊ ဒေသ သို့မဟုတ် ဒေသန္တရမှ မူလထွက်ရှိသောကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်ပြချက်တစ်ခုခုကို ဆိုသည်။

(ဆ) **လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်**ဆိုသည်မှာ သတ်မှတ်ထားသော စံနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဇ) **ကုန်အမှတ်တံဆိပ်အတွဲများ**ဆိုသည်မှာ ကုန်အမှတ်တံဆိပ်တစ်ခု၏ ဝိသေသလက္ခဏာများကို များစွာထိခိုက်မှုမရှိစေဘဲ သိသာထင်ရှားမှုမရှိသော အသွင်လက္ခဏာများသာ ကွဲပြားခြားနားပြီး ၎င်းတို့၏ အခြေခံအချက်အလက်များ တစ်ခုနှင့်တစ်ခု ဆင်တူသော ကုန်အမှတ်တံဆိပ်များကို ဆိုသည်။

(ဈ) **ကုန်သွယ်မှုအမည်**ဆိုသည်မှာ လုပ်ငန်းတစ်ရပ်နှင့်တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသောအမည် သို့မဟုတ် သတ်မှတ်ချက်ကိုဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ လုပ်ငန်းအမည်၊ ကုန်သွယ်သူ၏အမည်၊ ရှေ့အက္ခရာများကိုသာ ဖော်ပြထားသော အတိုကောက်အမည်၊ စိတ်ကူးယဉ်ဖန်တီးထားသောအမည်၊ အတိုကောက်အမည် သို့မဟုတ် အခြားသတ်မှတ် ဖော်ပြချက်တစ်ရပ်ရပ်လည်း ပါဝင်သည်။

(ည) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ဤဥပဒေ အခန်း (၇) ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဠ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများပြုလုပ်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန် ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်**ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်အမှတ်တံဆိပ် ပိုင်ရှင်အဖြစ် မှတ်တမ်းတင်ထားခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဎ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်၊ လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ပထဝီဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်အမှတ် တံဆိပ်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လိုင်စင်ရသူအဖြစ် မှတ်ပုံတင် အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ရပ်တည် သော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ဏ) **ကုန်အမှတ်တံဆိပ်အတု**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ အဓိကသွင်ပြင်လက္ခဏာများနှင့် ကွဲပြားခြားနားမှုမရှိသော အမှတ်အသားတစ်ခုခုကိုသော် လည်းကောင်း သို့မဟုတ် အဆိုပါ အမှတ်တံဆိပ်နှင့် ထပ်တူညီသော အမှတ်အသားတစ်ခုခုကိုသော် လည်းကောင်း၊ ဤဥပဒေပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ အခွင့်အရေးများကို ထိပါးချိုးဖောက်မည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(တ) **ကုန်အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့်ကုန်ပစ္စည်း**ဆိုသည်မှာ အဆိုပါကုန်ပစ္စည်းကို တရားဝင်မှတ်ပုံတင်ထားသော အခွင့်အရေးရရှိသူ၏ ကုန်အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း၊ အဆိုပါအမှတ်တံဆိပ်၏ အဓိက သွင်ပြင်လက္ခဏာများနှင့် ကွဲပြားခြားနားမှုမရှိသော ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း အခွင့်အရေးရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက်မည့် ကုန်အမှတ်တံဆိပ်ကိုသော် လည်းကောင်း ခွင့်ပြုချက်မရှိဘဲ အသုံးပြုထားသော မည်သည့်ကုန်ပစ္စည်းကိုမဆို ဆိုသည်။

(ထ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ဒ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး**ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ် ပစ္စည်း မူပိုင်ခွင့်ရုံးကို ဆိုသည်။

(န) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။

(ပ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ ဖွဲ့စည်းသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများကိုသော်လည်းကောင်း ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများအား ဤဥပဒေအရထိရောက်စွာအရေးယူနိုင်ရန်၊

(ဃ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာခြင်းကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသောဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် ပြည်သူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(င) ပထဝီဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)
## တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်ထားသော ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ မှတ်ပုံတင်အရာရှိတစ်ဦးနှင့် အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ထို့ပြင် လိုအပ်ပါက ဒုတိယမှတ်ပုံတင်အရာရှိနှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးခြင်း၊

(င) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများပြုလုပ်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဆ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ဤဥပဒေပါ အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဈ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့၏ လုပ်ငန်းတာဝန်များ

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ရန်လျှောက်ထားချက်အပေါ် စစ်ဆေးခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများအား ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများအား တောင်းခံခြင်း၊

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ခြင်း၊

(စ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊

(ဆ) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(ဇ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အား ပယ်ဖျက်ခြင်း၊ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊

(ဈ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ထားရှိခြင်း၊

(ည) အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဋ) တာဝန်ခံဝန်ကြီးဌာနနှင့် ဥဏ္ဏကြီးရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် ပထဝီဆိုင်ရာအညွှန်းမှတ်ပုံတင်ရန် လျှောက်ထားချက်တို့ကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်-မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) တာဝန်ခံဝန်ကြီးဌာနနှင့် ဥဏ္ဏကြီးရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)
## မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၇။ (က) အောက်ဖော်ပြပါ ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော အမှတ်တံဆိပ်သည် မှတ်ပုံတင်ခွင့်မရှိစေရ -

(၁) သိသာထင်ရှားမှုမရှိသော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(၂) ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန် သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့်အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာလျှင် ပါဝင်ခြင်း၊

(၃) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(၄) မျက်မှောက်ဝေါဟာရအသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်း ဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းတွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာခြင်း၊

(၅) အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင်ထင်မှား ဖြစ်စေရန် လှည့်ဖြား ထားခြင်း၊

(၆) သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ ရိုးရာအထိမ်း အမှတ်ဆိုင်ရာ အသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက အတည် ပြုထားသော ကွပ်ကဲမှု သို့မဟုတ် အာမခံကို ဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် ရွှေ၊ ငွေတို့တွင် ခတ်နှိပ်သည့်အမှတ်တံဆိပ် စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ရိုးရာအထိမ်းအမှတ်ဆိုင်ရာ အသွင် အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း သို့မဟုတ် တုပခြင်း၊

(၇) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ချက်နှင့် ငြိစွန်းခြင်း၊

(၈) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကို အသုံးပြုထားခြင်း။

( ခ ) (၁) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက် ထားသည့် နေ့ရက်မတိုင်မီ အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှု ရှိလာလျှင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ အဆိုပါ အမှတ်တံဆိပ် မှတ်ပုံတင် ခြင်းကို ငြင်းပယ်၍ မရ။

(၂) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်တွင် အမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း အသုံးပြုနေလျှင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ အဆိုပါအမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်၍မရ။

၈။ အောက်ဖော်ပြပါ ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော အမှတ် တံဆိပ်တစ်ခုသည် မှတ်ပုံတင်ခွင့် မရှိစေရ -

( က ) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

ရှင်းလင်းချက်။ ။ အဆိုပါ ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူညီသော အမှတ်အသားကို အသုံးပြုခြင်းသည် ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

( ခ ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

( ဂ ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ထိပါးချိုးဖောက်မှုဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

( ဃ ) အမှတ်တံဆိပ်များကို သဘောရိုးဖြင့်မဟုတ်ဘဲ မှတ်ပုံတင်လျှောက်ထားခြင်း၊

( င ) လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ဆောလျင်စွာ အသုံးပြုခြင်းဖြင့် အဆိုပါအသုံးပြုခြင်းသည် လူသိများပြီး ကျော်ကြားသောအမှတ်တံဆိပ်နှင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသောအမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါအသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း (၆)
## အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်း

၉။ (က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလိုသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ခ) လျှောက်လွှာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိ၏ တောင်းဆိုချက်အရ လျှောက်လွှာတွင် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရမည်။

(ဃ) သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေများ ပေးသွင်းရမည်။

၁၀။ မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာ၊

(ဂ) လျှောက်ထားသူက ကိုယ်စားလှယ်ဖြင့် လျှောက်ထားလျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(ဃ) မှတ်ပုံတင်ရန်တောင်းဆိုသော အမှတ်တံဆိပ်၏ ရှင်းလင်းလုံလောက်သော ဖော်ပြချက်၊

(င) အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းအရ အုပ်စုလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ရန် တောင်းဆိုသော ကုန်ပစ္စည်းနှင့်/သို့မဟုတ် ဝန်ဆောင်မှုများ၏ အမည်နှင့် အမျိုးအစားများ၊

(စ) လျှောက်ထားသူသည် တရားဝင်ရပ်တည်သော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်းအမည်၊ အမျိုးအစား၊ တည်နေရာလိပ်စာနှင့် နိုင်ငံအမည်၊

(ဆ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေး ကြေညာခဲ့ကြောင်း ခိုင်လုံစေသည့် သက်သေခံအထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစွာလျှောက်ထားခြင်း၏ ဦးစားပေးအခွင့်အရေးကို တောင်းဆိုသော ကြေညာချက်တစ်ရပ်၊

(ဇ) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ရရှိခံစားလိုလျှင် အသိအမှတ်ပြုသည့် ဖော်ပြချက်များနှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုသော ကြေညာချက်တစ်ရပ်၊

(ဈ) အကယ်၍ မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက မှတ်ပုံတင်ထားကြောင်း အသိအမှတ်ပြုလက်မှတ်၊

(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်ထားသည့် အခြားအချက်များ။

၁၁။ လျှောက်လွှာတွင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) မှ (င) ပါ အချက်များ ပြည့်စုံ၍ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီးသော လျှောက်လွှာအား လက်ခံရရှိသည့်နေ့ရက်ကို မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက် ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၇ နှင့် ၁၀ တို့အရ စစ်ဆေးပြီးနောက်-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ အကြောင်းကြားစာကို လက်ခံရရှိသောနေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ အကယ်၍ သတ်မှတ်ထားသောကာလအတွင်း ပြင်ဆင်ဖြည့်စွက်ခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအား ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော အချိန်ကာလအတွင်း လျှောက်လွှာတွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်လွှာကို မှတ်ပုံတင်အရာရှိထံ ၎င်း၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၁၃။ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၁၄။ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဤဥပဒေပါ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ခုခုကို စာဖြင့် ရေးသားဖော်ပြ၍ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအပေါ် ကန့်ကွက်ချက်တစ်ရပ်အား မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၅။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်စာ တင်သွင်းလျှောက်ထားလာလျှင် သတ်မှတ်ထားသော အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံတင်ပြနိုင်ရန် လျှောက်ထားသူအား အကြောင်းကြားစာပေးပို့ရမည်။

၁၆။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ချက်၊ ကန့်ကွက်ချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ၎င်း၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၁၇။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၃ အရ ထုတ်ပြန်ကြေညာခြင်းအပေါ် ကန့်ကွက်ချက် တစ်စုံတစ်ရာ မပေါ်ပေါက်ပါက မှတ်ပုံတင်ရန် ပုဒ်မ ၇ ပြဋ္ဌာန်းချက်ပါ မှတ်ပုံတင်နိုင်ခွင့် မရှိသော အကြောင်းရင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ-မရှိ စစ်ဆေးပြီး အမှတ်တံဆိပ် မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မ ၁၆ အရ တင်ပြလာသည့် အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပြဋ္ဌာန်းချက်ပါ အကြောင်းရင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ-မရှိ စစ်ဆေးပြီး အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုလုပ်နိုင်သည်။

(ဂ) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(င) အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်ခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်မူရင်းကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၁၈။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်ပြီးခြင်း ရှိ-မရှိနှင့် မှတ်ပုံတင်ထားပြီးဖြစ်သော အခြားအမှတ်တံဆိပ်တစ်ခုခုနှင့် ကွဲပြားခြားနားခြင်း ရှိ-မရှိ သိရှိလိုသူသည် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင်ပြီးသော အမှတ်တံဆိပ်များကို ရှာဖွေပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၁၉။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ရှင်သည် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းပြီး အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်၏ မိတ္တူမှန်ကို ထုတ်ပေးရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကိုစိစစ်ဆေး၍ မိတ္တူမှန်ကိုထုတ်ပေးရမည်။

၂၀။ လျှောက်ထားသူသည် -

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်းဖြစ်စေ လျှောက်လွှာတွင်သတ်မှတ်ဖော်ပြထားသော အမှတ်တံဆိပ်ကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများစာရင်းကို တိုးချဲ့ခြင်းမဟုတ်သည့် စာအရေးအသားအမှား သို့မဟုတ် အခြားမှားယွင်းမှုကို ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေကိုပေးသွင်းပြီး လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မချမီ ယင်းပြင်ဆင်မှုကို လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အများအပြားပါဝင်သည့် လျှောက်ထားချက်ကို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်း ပြုလုပ်ပေးရန်လည်းကောင်း လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍လျှောက်ထားသော အသစ်လျှောက်ထားချက်များ တင်သွင်းသည့်နေ့ရက်ကို မူလလျှောက်ထားချက် တင်သွင်းသည့်နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းလျက် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသောအမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း၊ အမှတ်တံဆိပ်၏ အဓိကကျသည့်အချက်များကို ထိခိုက်ခြင်းမရှိသော အချက်အလက်နှင့် အမှားအယွင်းများကိုလည်းကောင်း ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၀ နှင့် ၂၁ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ပေးနိုင်သည်။

၂၃။ လျှောက်ထားသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ရုပ်သိမ်းခြင်း ပြုလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း ပေးသွင်းထားသည့် အခကြေးငွေများကို ပြန်လည်ရထိုက်ခွင့် မရှိစေရ။

## အခန်း (၇)
## ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး

၂၄။ (က) စက်မှုပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည့် ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ်ကို မှတ်ပုံတင် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းခြင်းခံရသူမည်သူမဆို ပထမလျှောက်ထားချက် တင်သွင်းခဲ့သည့်နေ့ရက်မှ ၆ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တူညီသောအမှတ်တံဆိပ်ကိုမှတ်ပုံတင်ရန် လာရောက်လျှောက်ထားလျှင် ပြည်ပလျှောက်ထားချက်တွင်ပါဝင်သည့် ထပ်တူညီသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ဦးစားပေးအခွင့်အရေး ခံစားရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာတွင် လျှောက်ထားသူသည် ဦးစွာလျှောက်ထားခဲ့သည့်နေ့ရက်နှင့် လျှောက်ထားခဲ့သည့်နိုင်ငံတို့ကို ဖော်ပြပြီး ဦးစွာလျှောက်ထားခဲ့သည့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအတွက် အခွင့်အရေး ရယူလိုကြောင်း ဖော်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဦးစားပေးအခွင့်အရေး တောင်းဆိုပြီး သတ်မှတ်ထားသောကာလအတွင်း လျှောက်ထားသူသည် အောက်ပါတို့ကို တင်ပြရမည် -

(၁) လျှောက်ထားခဲ့သည့် ပြည်ပနိုင်ငံ၏ တာဝန်ရှိသူမှ ဦးစွာလျှောက်ထားချက် မှန်ကန်ကြောင်း အသိအမှတ်ပြုမိတ္တူမှန်၊

(၂) အကယ်၍ အဆိုပါမိတ္တူမှန်သည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လက်ခံနိုင်သော ဘာသာစကား မဟုတ်လျှင် သတ်မှတ်ထားသည့် ဘာသာပြန်ဆိုချက်၊

(၃) ဦးစွာလျှောက်ထားသည့်နေ့ရက် ဖော်ပြထားသော ပြည်ပတာဝန်ရှိသူမှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်။

(ဃ) ပထမလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားသည့်နေ့ရက်အဖြစ် ဦးစားပေးအခွင့်အရေး ရယူနိုင်သည်။

၂၅။ (က) ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တရားဝင် သို့မဟုတ် တရားဝင်အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲတွင် အသုံးပြုခဲ့သော အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ခင်းကျင်းပြသခဲ့သူဖြစ်ပါက အဆိုပါအသုံးပြုခဲ့သော အမှတ်တံဆိပ်အတွက် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို စတင်ခင်းကျင်းပြသသည့်နေ့ရက်မှ ၆ လအတွင်း ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

(ခ) လျှောက်ထားသူသည် ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာတွင် အဆိုပါအမှတ်တံဆိပ် အသုံးပြုခဲ့သောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ပြသခဲ့ခြင်းအတွက် အကာအကွယ်ပေးခြင်းဆိုင်ရာအခွင့်အရေးကို ရယူလိုကြောင်း အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်လွှာတွင် ဖော်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို အဆိုပြုပြီး သတ်မှတ်ထားသောကာလအတွင်း လျှောက်ထားသူသည် အဆိုပါ အမှတ်တံဆိပ်အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ခင်းကျင်းပြသခဲ့သည့်သက်သေအထောက်အထားကို တင်ပြရမည်။

(ဃ) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် အဆိုပါအမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ စတင်ခင်းကျင်းပြသသည့်နေ့ရက်ကို အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ရမည်။

(င) ခွင့်ပြုခဲ့ပြီးသော ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသော ဦးစားပေးကာလကို မကျော်လွန်ရ။

## အခန်း (၈)
## အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ

၂၆။ (က) အမှတ်တံဆိပ်တစ်ခုကို လျှောက်ထားသည့် နေ့ရက်အား အဆိုပါအမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်အဖြစ် မှတ်ယူရမည်။

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း သက်တမ်းသည် အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်မှ စတင်၍ ၁၀ နှစ်ဖြစ်သည်။

(ဂ) မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင် မှတ်ပုံတင်သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားနိုင်သည်။

၂၇။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပုဒ်မခွဲ (ခ) နှင့် (ဂ) တွင် ရည်ညွှန်းထားသော အခကြေးငွေများ ပေးသွင်းပြီး အမှတ်တံဆိပ်ပိုင်ရှင်၏ တောင်းဆိုချက်အရ အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်အညီ သက်တမ်း တိုးမြှင့်နိုင်သည် -

(က) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ၆ လ ကျော်လွန်ပါက သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆို ချက်တစ်ရပ်ကို လျှောက်ထားခြင်းမပြုရ။

(ခ) သက်တမ်းတိုးမြှင့်ရန် တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ လျှောက်ထားလျှင် သက်တမ်းတိုးမြှင့်ရန်အတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းရမည်။ သက်တမ်း တိုးမြှင့်ရန် တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်း ကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၆ လအတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုလာပါက သက်တမ်းတိုးမြှင့်ခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ ပေးသွင်းရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော တောင်းဆိုချက်ကို အမှတ်တံဆိပ် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုရမည်။ သက်တမ်းတိုးမြှင့်ခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်းကုန်ဆုံး သည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(င) မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးမြှင့်ပေးပြီး သတ်မှတ် ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၈။ (က) အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုခြင်း မရှိခဲ့လျှင် ၎င်းအမှတ်တံဆိပ် မှတ်ပုံတင်ခြင်းသည် ရပ်စဲရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ယင်းသို့ အမှတ်တံဆိပ် မှတ်ပုံတင်ရပ်စဲကြောင်းကို ထုတ်ပြန်ကြေညာရမည်။

**အခန်း (၉)**

**မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာအခွင့်အရေးများ**

၂၉။ အမှတ်တံဆိပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးနောက် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေး များအား သီးသန့်အခွင့်အရေးများအဖြစ် ခံစားရမည်။

၃၀။ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသောနေ့ရက်တွင် အမှတ်တံဆိပ် မှတ်ပုံ တင်ရန် လျှောက်ထားလာပါက ဤဥပဒေ၏ အခန်း (၇) ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစောဆုံး လျှောက်ထားသူသာလျှင် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် ရရှိစေရမည်။

၃၁။ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် နှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက ဦးစွာလျှောက်ထားခဲ့ကြောင်း တင်ပြနိုင်သူသာလျှင် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် ရရှိစေရမည်။

၃၂။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၃ နှင့် ၃၄ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် အောက်ပါတို့ကို ရရှိသည် -

(၁) အမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေပါက တည်ဆဲဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်၊

ရှင်းလင်းချက်။ ။ ထပ်တူဖြစ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် ထပ်တူဖြစ်သော အမှတ်အသားကို အသုံးပြုခြင်းဖြစ်ပါက ထင်ယောင်ထင်မှားဖြစ်စေသည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်သူအား ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုခွင့်၊

(၃) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့် -

(ကက) မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်လျှင်၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်လျှင်။

(ခ) မည်သူ့ကိုမဆို မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို အခန်း (၁၀) နှင့် (၁၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်း ပြုနိုင်သည်။

၃၃။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အောက်ပါတို့နှင့် စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့် မရှိစေရ -

(က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အသုံးပြုလိုသည့် ရည်ရွယ်ချက်၊ တန်ဖိုး၊ ပထဝီဆိုင်ရာ မူရင်းဒေသနှင့် ထုတ်လုပ်သည့်အချိန်ကာလ သို့မဟုတ် အခြားထူးခြားသော အချက်အလက်များ စသည်တို့နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ၊

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများတွင် လိုအပ်ချက်အရ ရည်ရွယ်၍ ဖော်ပြထားသော အမှတ်တံဆိပ်။

၃၄။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏သဘောတူညီချက် ရရှိသူကဖြစ်စေ ပေးပို့ထား၍ ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ မိမိ၏အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့် မရှိစေရ။

၃၅။ ပုဒ်မ ၃၄ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မိမိ၏ ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏ အခြေအနေ ပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

## အခန်း (၁၀)

## မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းခြင်း

၃၆။ အမှတ်တံဆိပ်ပိုင်ရှင်သည် ၎င်း၏အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်း ပြုနိုင်သည်။

၃၇။ ပိုင်ဆိုင်ခွင့် လွှဲပြောင်းလိုသူသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်း သို့မဟုတ် လျှောက်ထားခြင်း၏ မူလပိုင်ရှင်ကဖြစ်စေ၊ ပိုင်ရှင်အသစ်ကဖြစ်စေ တစ်ဦးဦး၏ တောင်းဆိုချက်အရ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း၏ မည်သည့်ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကိုမဆို မှတ်တမ်းတင်ထားရမည်။ မှတ်ပုံတင်အရာရှိသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်တမ်းတစ်ခုခုကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၉။ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် မှတ်တမ်းတင်ထားပြီးဖြစ်သော်လည်း အခြားသူတစ်ဦးတစ်ယောက်အား ဆန့်ကျင်ထိခိုက်မှု မရှိစေရ။

## အခန်း (၁၁)
## မှတ်ပုံတင်အမှတ်တံဆိပ်ကို လိုင်စင်ပေးခြင်း

၄၀။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၁။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူသည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၄၂။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်၏ တောင်းဆိုချက်အရ မှတ်ပုံတင်ထားသောအမှတ်တံဆိပ်တစ်ခုကို အသုံးပြုရန် မည်သည့်လိုင်စင်ကိုမဆို မှတ်တမ်းတင်ပြီးနောက် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူတို့၏ တောင်းဆိုချက်အရ လိုင်စင်ပေးကြောင်း မှတ်တမ်းကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

၄၄။ လိုင်စင်ပေးခြင်းနှင့် စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားခြင်း မရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်အမှတ် (၂၄/၂၀၁၅)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ သတ်မှတ်ကြေညာခြင်းမှအဆက် ]**

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ (ချင်းပြည်နယ်)

| စဉ် | မဲဆန္ဒနယ်အမှတ် | ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၁၈ | ဟားခါးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ကျောဘုတ်ရပ်ကွက် (ဟားခါးမြို့)၊ ၂။ ဈေးသစ်ရပ်ကွက် (ဟားခါးမြို့)၊ ၃။ ကျန်ဖားကျေးရွာအုပ်စု၊ ၄။ ခွာပီးကျေးရွာအုပ်စု၊ ၅။ ဆတ္တားကျေးရွာအုပ်စု၊ ၆။ ဆွမ်ဆင်ကျေးရွာအုပ်စု၊ ၇။ ဆူရ်ခွားကျေးရွာအုပ်စု၊ ၈။ ဒေါင်ဗားကျေးရွာအုပ်စု၊ ၉။ ဒွမ်ဗားကျေးရွာအုပ်စု၊ ၁၀။ ဖိုင်ဖာ (က) ကျေးရွာအုပ်စု၊ ၁၁။ ဘုံသွကျေးရွာအုပ်စု၊ ၁၂။ ဘွန်လုံးကျေးရွာအုပ်စု၊ ၁၃။ လေပီးကျေးရွာအုပ်စု၊ ၁၄။ လောက်လုံးကျေးရွာအုပ်စု၊ ၁၅။ လုံခင်းကျေးရွာအုပ်စု၊ ၁၆။ လုံရန်းကျေးရွာအုပ်စု၊ ၁၇။ လုံသာရ်ကျေးရွာအုပ်စု။ |

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ (စစ်ကိုင်းတိုင်းဒေသကြီး)

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၁ | ကလေးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အောင်မင်္ဂလာရပ်ကွက် (ကလေးမြို့)၊ ၂။ အောင်မြေမာန်ရပ်ကွက် (ကလေးမြို့)၊ ၃။ အောင်သစ္စာရပ်ကွက် (ကလေးမြို့)၊ ၄။ အောင်ဇေယျ ရပ်ကွက် (ကလေးမြို့)၊ ၅။ မြို့လှရပ်ကွက် (ကလေးမြို့)၊ ၆။ အင်ဒိုင်းကုန်း ရပ်ကွက် (ကလေးမြို့)၊ ၇။ ကြို့သုံးပင်ရပ်ကွက် (ကလေးမြို့)၊ ၈။ လှိုင်သာယာ ရပ်ကွက် (ကလေးမြို့)၊ ၉။ မြို့သာရပ်ကွက် (ကလေးမြို့)၊ ၁၀။ ညောင်ပင်သာ ရပ်ကွက် (ကလေးမြို့)၊ ၁၁။ မင်္ဂလာဥယျာဉ်ရပ်ကွက် (ကလေးမြို့)၊ ၁၂။ ပင်လုံရပ်ကွက် (ကလေးမြို့)၊ ၁၃။ ကျီကုန်းကျေးရွာအုပ်စု၊ ၁၄။ နတ်ကြီးကုန်း (ကျောက္ကာ) ကျေးရွာအုပ်စု၊ ၁၅။ သာစည်ကျေးရွာ အုပ်စု၊ ၁၆။ ကံပုလဲကျေးရွာအုပ်စု၊ ၁၇။ ထိုမာကျေးရွာအုပ်စု၊ ၁၈။ ထောက်ကြံ့ ကျေးရွာအုပ်စု၊ ၁၉။ နတ်မြောင်းကျေးရွာအုပ်စု၊ ၂၀။ နတ်ချောင်းကျေးရွာ အုပ်စု၊ ၂၁။ ငါးဖားကျေးရွာအုပ်စု၊ ၂၂။ ခုံဒိုးမြို့သာကျေးရွာအုပ်စု၊ ၂၃။ မြောက်စီးကျေးရွာအုပ်စု၊ ၂၄။ တောင်စီးကျေးရွာအုပ်စု၊ ၂၅။ အရှေ့ စီးကျေးရွာအုပ်စု၊ ၂၆။ ကျော်ကျေးရွာအုပ်စု၊ ၂၇။ ရွာသာကျေးရွာအုပ်စု၊ ၂၈။ တင်သားကျေးရွာအုပ်စု၊ ၂၉။ ဦးယျဉ်ကျေးရွာအုပ်စု၊ ၃၀။ ကင်းပွန်းချို ကျေးရွာအုပ်စု၊ ၃၁။ ပေါက်တောကျေးရွာအုပ်စု၊ ၃၂။ အင်းဒင်ကျေးရွာ အုပ်စု၊ ၃၃။ ကုက္ကိုကျေးရွာအုပ်စု၊ ၃၄။ ရေရှင်ကျေးရွာအုပ်စု၊ ၃၅။ ကျောက် ပြတ်ကျေးရွာအုပ်စု၊ ၃၆။ တောင်ဦးကျေးရွာအုပ်စု၊ ၃၇။ စက္ကန့်ကျေးရွာ အုပ်စု၊ ၃၈။ ဆင်ကျေးရွာအုပ်စု။ |
| ၂ | ကလေးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ သဇင်ရပ်ကွက် (ကလေးမြို့)၊ ၂။ တပ်ဦးသီတာရပ်ကွက် (ကလေးမြို့)၊ ၃။ ချမ်းမြေ့အောင်စည်ရပ်ကွက် (ကလေးမြို့)၊ ၄။ စမ်းမြို့ရပ်ကွက် (ကလေး မြို့)၊ ၅။ တာဟန်းရပ်ကွက် (ကလေးမြို့)၊ ၆။ တောင်ဇလပ်ရပ်ကွက် (ကလေးမြို့)၊ ၇။ တောင်ဖီလာရပ်ကွက် (ကလေးမြို့)၊ ၈။ အင်ဒိုင်းကြီး ကျေးရွာအုပ်စု၊ ၉။ မော်လိုက်ကလေးကျေးရွာအုပ်စု၊ ၁၀။ စခန်းကြီးကျေးရွာ အုပ်စု၊ ၁၁။ ကံကြီးကျေးရွာအုပ်စု၊ ၁၂။ ကြက်ဖနက်ကျေးရွာအုပ်စု၊ ၁၃။ ခုံသာကျေးရွာအုပ်စု၊ ၁၄။ ရာဇဂြိုဟ်ကျေးရွာအုပ်စု၊ ၁၅။ စော်ဘွား ရေရှင်ကျေးရွာအုပ်စု၊ ၁၆။ ပျဉ်းခုံကြီးကျေးရွာအုပ်စု။ ၁၇။ မောက်လင်း ကျေးရွာအုပ်စု၊ ၁၈။ ပျဉ်းတော်ဦးကျေးရွာအုပ်စု၊ ၁၉။ ကျောင်းတိုက် ကျေးရွာအုပ်စု၊ ၂၀။ နတ်ကြီးကုန်း (ပျဉ်းခုံလေး) ကျေးရွာအုပ်စု၊ ၂၁။ နန်းစောင်းပုကျေးရွာအုပ်စု၊ ၂၂။ နန်းကျင်းဆောင်ကျေးရွာအုပ်စု။ |
| ၃ | ကလေးဝမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ရပ်ကွက်အမှတ် (၁) ရွာသစ်ရပ်ကွက် (ကလေးဝမြို့)၊ ၂။ ရပ်ကွက် အမှတ် (၂) အောင်ချမ်းသာရပ်ကွက် (ကလေးဝမြို့)၊ ၃။ ရပ်ကွက်အမှတ် (၃) အောင်မင်္ဂလာရပ်ကွက် (ကလေးဝမြို့)၊ ၄။ သစ်ချောက်ကျေးရွာအုပ်စု၊ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ၅။ ကိုင်းကျေးရွာအုပ်စု၊ ၆။ ကျော်ဇင်ကျေးရွာအုပ်စု၊ ၇။ တုန်နန်းကျေးရွာအုပ်စု၊ ၈။ ခုံကြီးကျေးရွာအုပ်စု၊ ၉။ ခေါင်းတီးကျေးရွာအုပ်စု၊ ၁၀။ မြေသာကျေးရွာအုပ်စု၊ ၁၁။ ယောစုကျေးရွာအုပ်စု၊ ၁၂။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊ ၁၃။ ချင်းချောင်းကျေးရွာအုပ်စု။ |
| ၄ | ကလေးဝမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ မန်ဖာကြီးကျေးရွာအုပ်စု၊ ၂။ နန်းဇလိန်ကျေးရွာအုပ်စု၊ ၃။ ရွာသာကျေးရွာအုပ်စု၊ ၄။ မထုကျေးရွာအုပ်စု၊ ၅။ မစိန်ကျေးရွာအုပ်စု၊ ၆။ ဘာလက်သာကျေးရွာအုပ်စု၊ ၇။ အောက်တောကြီးကျေးရွာအုပ်စု၊ ၈။ ဆယ်ကြီးကျေးရွာအုပ်စု၊ ၉။ ရှမ်းစုကျေးရွာအုပ်စု၊ ၁၀။ ဟဲဒေါင်းကျေးရွာအုပ်စု၊ ၁၁။ တွန်လျော်ကျေးရွာအုပ်စု၊ ၁၂။ ကျခတ္တောကျေးရွာအုပ်စု၊ ၁၃။ နန်းပင်းကျေးရွာအုပ်စု၊ ၁၄။ ရှဲဂန်းကျေးရွာအုပ်စု၊ ၁၅။ မိုးကောင်းကျေးရွာအုပ်စု၊ ၁၆။ အင်ဒုတ်ကျေးရွာအုပ်စု၊ ၁၇။ မောင်းခါးကျေးရွာအုပ်စု၊ ၁၈။ အင်ဒိုင်းကျေးရွာအုပ်စု၊ ၁၉။ သရက်တောကျေးရွာအုပ်စု၊ ၂၀။ နောင်ဖနန်ကျေးရွာအုပ်စု၊ ၂၁။ ဂဇက်ကျေးရွာအုပ်စု၊ ၂၂။ ကျွဲကူးကျေးရွာအုပ်စု၊ ၂၃။ ဆင်ခေါင်းကျေးရွာအုပ်စု၊ ၂၄။ မြို့မကျေးရွာအုပ်စု၊ ၂၅။ သင်္ဂန်ကျေးရွာအုပ်စု၊ ၂၆။ ကျွဲတပ်ကျေးရွာအုပ်စု။ |
| ၅ | မင်းကင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မရပ်ကွက် (မင်းကင်းမြို့)၊ ၂။ ဈေးတန်းရပ်ကွက် (မင်းကင်းမြို့)၊ ၃။ သရက်တောရပ်ကွက် (မင်းကင်းမြို့)၊ ၄။ ကျွန်းတော်ကျေးရွာအုပ်စု၊ ၅။ ကံကျေးရွာအုပ်စု၊ ၆။ ကျေးတောင်ဦးကျေးရွာအုပ်စု၊ ၇။ မတောကျေးရွာအုပ်စု၊ ၈။ ကျေးနင်းကျေးရွာအုပ်စု၊ ၉။ လက်ချိတ်ကျေးရွာအုပ်စု၊ ၁၀။ ပင်တင်းကျေးရွာအုပ်စု၊ ၁၁။ အင်ပင်လှကျေးရွာအုပ်စု၊ ၁၂။ ပန်းဆက်ကျေးရွာအုပ်စု၊ ၁၃။ မောက္ကတော်ကျေးရွာအုပ်စု၊ ၁၄။ မုဆိုးကျေးရွာအုပ်စု၊ ၁၅။ ပိတ်ချင်းတောကျေးရွာအုပ်စု၊ ၁၆။ ပျဉ်းကိုင်းကျေးရွာအုပ်စု၊ ၁၇။ စမြင်ကျေးရွာအုပ်စု၊ ၁၈။ သံပေါက်ကျေးရွာအုပ်စု၊ ၁၉။ တုံကျေးရွာအုပ်စု၊ ၂၀။ ဘိုင်ကျေးရွာအုပ်စု၊ ၂၁။ မိုးကောင်းကျေးရွာအုပ်စု၊ ၂၂။ သင်တောကျေးရွာအုပ်စု၊ ၂၃။ ဇင်ကလဲကျေးရွာအုပ်စု၊ ၂၄။ ဘင်ကျေးရွာအုပ်စု။ |
| ၆ | မင်းကင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ကျောက်အိုးကျေးရွာအုပ်စု၊ ၂။ ထုံးကြီးကျေးရွာအုပ်စု၊ ၃။ ဝင်ဝကျေးရွာအုပ်စု၊ ၄။ ကုန်းမော်ကျေးရွာအုပ်စု၊ ၅။ ကျော်ကျေးရွာအုပ်စု၊ ၆။ မယ်မဲကျေးရွာအုပ်စု၊ ၇။ အနောက်တိုင်းကျေးရွာအုပ်စု၊ ၈။ တပ်ချောင်းကျေးရွာအုပ်စု၊ ၉။ ပျားသုံးကျေးရွာအုပ်စု၊ ၁၀။ ကြာပင်ကျေးရွာအုပ်စု၊ ၁၁။ ယင်းမာကျေးရွာအုပ်စု၊ ၁၂။ ပိက္ခရားကျေးရွာအုပ်စု၊ ၁၃။ မြို့မကျေးရွာအုပ်စု၊ ၁၄။ မြေနီကျေးရွာအုပ်စု၊ ၁၅။ မြင်ဦးကျေးရွာအုပ်စု၊ ၁၆။ တိန်းကျေးရွာအုပ်စု၊ ၁၇။ သံပုရာကျေးရွာအုပ်စု၊ ၁၈။ ကျောက်တန်းကျေးရွာအုပ်စု၊ ၁၉။ ရွာဘကျေးရွာအုပ်စု၊ ၂၀။ မြောက်ချွန်းကျေးရွာအုပ်စု၊ ၂၁။ ကြွေကျေးရွာအုပ်စု၊ ၂၂။ ရှားတောကျေးရွာအုပ်စု၊ ၂၃။ အူကျေးရွာအုပ်စု၊ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ၂၄။ ဗရိုကာကျေးရွာအုပ်စု၊ ၂၅။ ချောင်းဝကျေးရွာအုပ်စု၊ ၂၆။ ရှမ်းတောကျေးရွာအုပ်စု၊ ၂၇။ သဘော်ကျေးရွာအုပ်စု၊ ၂၈။ အင်ကျင်းတောင်ကျေးရွာအုပ်စု၊ ၂၉။ မင်းစားကျေးရွာအုပ်စု၊ ၃၀။ တင်ဘက်ကျေးရွာအုပ်စု၊ ၃၁။ ကူလဲကျေးရွာအုပ်စု၊ ၃၂။ ထုံးပန်းကျေးရွာအုပ်စု၊ ၃၃။ လင်လုကျေးရွာအုပ်စု၊ ၃၄။ ပသေးကျေးရွာအုပ်စု၊ ၃၅။ စသာကျေးရွာအုပ်စု၊ ၃၆။ ပွင့်လျက်ကျေးရွာအုပ်စု၊ ၃၇။ လောင်းတည်ကျေးရွာအုပ်စု၊ ၃၈။ ပေါက်အိုင်ကျေးရွာအုပ်စု၊ ၃၉။ နန္ဒင်းချောင်းကျေးရွာအုပ်စု၊ ၄၀။ တောင်အောက်ကျေးရွာအုပ်စု။ |
| ၇ | ကသာမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အင်းကြီးကျေးရွာအုပ်စု၊ ၂။ ငါးတဲကျေးရွာအုပ်စု၊ ၃။ ဆိပ်သာကျေးရွာအုပ်စု၊ ၄။ ဒိုးပင်ကျေးရွာအုပ်စု၊ ၅။ အင်းကျေးရွာအုပ်စု၊ ၆။ ဝက်တူးကျေးရွာအုပ်စု၊ ၇။ ဘွက်ကျေးရွာအုပ်စု၊ ၈။ ကူးကာကျေးရွာအုပ်စု၊ ၉။ ပုလွေရွှေကျေးရွာအုပ်စု၊ ၁၀။ ဒိုးအော့ကျေးရွာအုပ်စု၊ ၁၁။ ကျောက်ထုံးကြီးကျေးရွာအုပ်စု၊ ၁၂။ စကားကုန်းကျေးရွာအုပ်စု၊ ၁၃။ ကုန်းသာကျေးရွာအုပ်စု။ |
| ၈ | ကသာမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ မြောက်ပိုင်းရပ်ကွက် (ကသာမြို့)၊ ၂။ အလယ်ပိုင်းရပ်ကွက် (ကသာမြို့)၊ ၃။ တောင်ပိုင်းရပ်ကွက် (ကသာမြို့)၊ ၄။ သူဌေးကုန်းရပ်ကွက် (ကသာမြို့)၊ ၅။ ဇေယျာချောင်ရပ်ကွက် (ကသာမြို့)၊ ၆။ စက်ပန်းရပ်ကွက် (ကသာမြို့)၊ ၇။ လျှပ်စစ်ကုန်းရပ်ကွက် (ကသာမြို့)၊ ၈။ ပိန္နဲကုန်းရပ်ကွက် (ကသာမြို့)၊ ၉။ ပတ္တမြားရပ်ကွက် (ကသာမြို့)၊ ၁၀။ သဖန်းဆိုင်းရပ်ကွက် (ကသာမြို့)၊ ၁၁။ ကျန်တောကျေးရွာအုပ်စု၊ ၁၂။ တုံးပေါကျေးရွာအုပ်စု၊ ၁၃။ လမ်းခွကျေးရွာအုပ်စု၊ ၁၄။ အောက်ဝဲကြီးကျေးရွာအုပ်စု၊ ၁၅။ သံပုရာကျေးရွာအုပ်စု၊ ၁၆။ ကလုံကျေးရွာအုပ်စု၊ ၁၇။ မိဿလင်းကျေးရွာအုပ်စု၊ ၁၈။ မင်းလယ်ကျေးရွာအုပ်စု၊ ၁၉။ အထက်ဝဲကြီးကျေးရွာအုပ်စု၊ ၂၀။ တုပ်ကြီးကျေးရွာအုပ်စု၊ ၂၁။ နောင်ပင်ကျေးရွာအုပ်စု၊ ၂၂။ ကကာကျေးရွာအုပ်စု၊ ၂၃။ မံလွဲကျေးရွာအုပ်စု၊ ၂၄။ မယ်ဇလီ/မြေနုကျေးရွာအုပ်စု၊ ၂၅။ ဟဲနားကျေးရွာအုပ်စု၊ ၂၆။ မိုးဒါးကြီးကျေးရွာအုပ်စု၊ ၂၇။ မိုးဒါး (အလယ်) ကျေးရွာအုပ်စု၊ ၂၈။ ချောင်းဝကျေးရွာအုပ်စု၊ ၂၉။ မှတ်တိုင်ကျေးရွာအုပ်စု။ |
| ၉ | ကောလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြောက်အင်းရပ်ကွက် (ကောလင်းမြို့)၊ ၂။ ဈေးရုံဗိုလ်တဲရပ်ကွက် (ကောလင်းမြို့)၊ ၃။ ပြင်ဦးလွင်ရပ်ကွက် (ကောလင်းမြို့)၊ ၄။ မြို့မမြို့ကုန်းရပ်ကွက် (ကောလင်းမြို့)၊ ၅။ စက်ရုံလယ်ပြင်ရပ်ကွက် (ကောလင်းမြို့)၊ ၆။ ငပွေးလေးကျေးရွာအုပ်စု၊ ၇။ နတ်ကြီးခုံကျေးရွာအုပ်စု၊ ၈။ ဝါးရုံခုံကျေးရွာအုပ်စု၊ ၉။ မြေနီကျေးရွာအုပ်စု၊ ၁၀။ ဆည်တိုကျေးရွာအုပ်စု၊ ၁၁။ တောင်မော်ကျေးရွာအုပ်စု၊ ၁၂။ ကြူတောကျေးရွာအုပ်စု၊ ၁၃။ ခံသာ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | (မင်းကုန်း) ကျေးရွာအုပ်စု၊ ၁၄။ ဖလဲရွာကျေးရွာအုပ်စု၊ ၁၅။ စွယ်ရကျေးရွာအုပ်စု၊ ၁၆။ ကျောက်တန်းကျေးရွာအုပ်စု၊ ၁၇။ ညောင်ပင်သာကျေးရွာအုပ်စု၊ ၁၈။ ယွန်းအိုးကျေးရွာအုပ်စု၊ ၁၉။ ပဒုမ္မာကျေးရွာအုပ်စု၊ ၂၀။ ဆင်ကုန်းကျေးရွာအုပ်စု၊ ၂၁။ ကျောက်ပြင်သာကျေးရွာအုပ်စု၊ ၂၂။ အင်ပင်လှကျေးရွာအုပ်စု၊ ၂၃။ အုန်းမှင်ကုန်းကျေးရွာအုပ်စု၊ ၂၄။ သပြေအိုင်ကျေးရွာအုပ်စု၊ ၂၅။ ဝါးသီးကုန်းကျေးရွာအုပ်စု၊ ၂၆။ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ၂၇။ တောင်ပုံကျေးရွာအုပ်စု၊ ၂၈။ တောင်ဘို့လှကျေးရွာအုပ်စု။ |
| ၁၀ | ကောလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ရေကျော်ရပ်ကွက် (ကောလင်းမြို့)၊ ၂။ အင်ပင်သာကျေးရွာအုပ်စု၊ ၃။ မင်းချမ်းကျေးရွာအုပ်စု၊ ၄။ ကရာကုန်းကျေးရွာအုပ်စု၊ ၅။ သရက်ခုံကျေးရွာအုပ်စု၊ ၆။ ညောင်ဝန်းကျေးရွာအုပ်စု၊ ၇။ နန္ဒင်းတောကျေးရွာအုပ်စု၊ ၈။ ကြာအင်းကျေးရွာအုပ်စု၊ ၉။ ရေကန်သာကျေးရွာအုပ်စု၊ ၁၀။ ကျွန်းတောကျေးရွာအုပ်စု၊ ၁၁။ ယားတောင်ကျေးရွာအုပ်စု၊ ၁၂။ ငွေးတောက်တောကျေးရွာအုပ်စု၊ ၁၃။ ရှမ်းကလုံးကျေးရွာအုပ်စု၊ ၁၄။ ဥက္ကံကျေးရွာအုပ်စု၊ ၁၅။ ရွှေတွင်းကျေးရွာအုပ်စု၊ ၁၆။ ဆင်ဂေါင်းကျေးရွာအုပ်စု၊ ၁၇။ အိုင်ကြီးကျေးရွာအုပ်စု၊ ၁၈။ လာကာကျေးရွာအုပ်စု၊ ၁၉။ မိုးနံ့ကျေးရွာအုပ်စု၊ ၂၀။ တဂေါင်းအိုင်ကျေးရွာအုပ်စု၊ ၂၁။ သရက်ချဉ်ကျေးရွာအုပ်စု၊ ၂၂။ ကြို့ပင်ကျေးရွာအုပ်စု၊ ၂၃။ ယင်းတိုက်ကျေးရွာအုပ်စု၊ ၂၄။ ပန်းမရဲကျေးရွာအုပ်စု၊ ၂၅။ တောင်ကြားကျေးရွာအုပ်စု။ |
| ၁၁ | ထီးချိုင့်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ စံပြရပ်ကွက် (ထီးချိုင့်မြို့)၊ ၂။ အောင်ဇေယျာရပ်ကွက် (ထီးချိုင့်မြို့)၊ ၃။ ဝိသာခါရပ်ကွက် (ထီးချိုင့်မြို့)၊ ၄။ ဘုရင့်နောင်ရပ်ကွက် (ထီးချိုင့်မြို့)၊ ၅။ ကွမ်းဘောင်ကျေးရွာအုပ်စု၊ ၆။ ကြက်သွန်ခင်းကျေးရွာအုပ်စု၊ ၇။ အလယ်တောကျေးရွာအုပ်စု၊ ၈။ ရေဝကျေးရွာအုပ်စု၊ ၉။ မဲဟင်းကျေးရွာအုပ်စု၊ ၁၀။ ကြက်တကောင်ကျေးရွာအုပ်စု၊ ၁၁။ ကျောက်အိုက်ကျေးရွာအုပ်စု၊ ၁၂။ လေသာကုန်းကျေးရွာအုပ်စု၊ ၁၃။ ဇီးသောင်ကျေးရွာအုပ်စု၊ ၁၄။ ကွင်းကြီးကျေးရွာအုပ်စု၊ ၁၅။ တည်တောကျေးရွာအုပ်စု၊ ၁၆။ ကံပေါက်ကျေးရွာအုပ်စု၊ ၁၇။ ကျောက်မှော်ကျေးရွာအုပ်စု၊ ၁၈။ ဆင်ဖြူဆိပ်ကျေးရွာအုပ်စု၊ ၁၉။ ညောင်ပင်သာကျေးရွာအုပ်စု။ |
| ၁၂ | ထီးချိုင့်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ချွန်းတောင်းကျေးရွာအုပ်စု၊ ၂။ မြတောင်ကျေးရွာအုပ်စု၊ ၃။ ဖက်တဲကျေးရွာအုပ်စု၊ ၄။ ဒိုးပင်ကျေးရွာအုပ်စု၊ ၅။ ချိတ်သင်ကျေးရွာအုပ်စု၊ ၆။ နီတာကျေးရွာအုပ်စု၊ ၇။ အင်ဒေါင်းကျေးရွာအုပ်စု၊ ၈။ ကမ်းနီကျေးရွာအုပ်စု၊ ၉။ ဆတ်ကျကျေးရွာအုပ်စု၊ ၁၀။ ပေါက်နက်ကျေးရွာအုပ်စု၊ ၁၁။ မောင်းကုန်းကျေးရွာအုပ်စု၊ ၁၂။ မရသိမ်ကျေးရွာအုပ်စု၊ ၁၃။ တောမကျေးရွာအုပ်စု၊ ၁၄။ စစ်တန်းကျေးရွာအုပ်စု။ |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| ၁၃ | ပင်လည်ဘူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ပင်းကြိုင်းကျေးရွာအုပ်စု၊ ၂။ ခေါက်စင်းကျေးရွာအုပ်စု၊ ၃။ မြေသာကျေးရွာအုပ်စု၊ ၄။ မန္တကျေးရွာအုပ်စု၊ ၅။ တောင်ဒွန်းကျေးရွာအုပ်စု၊ ၆။ အိုးမြေကုန်းကျေးရွာအုပ်စု၊ ၇။ ဝါးရုံကုန်းကျေးရွာအုပ်စု၊ ၈။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၉။ ပြစ်ဆိုင်ကျေးရွာအုပ်စု၊ ၁၀။ ကကက်ကျေးရွာအုပ်စု၊ ၁၁။ တမောသာကျေးရွာအုပ်စု၊ ၁၂။ နောင်ကင်းကျေးရွာအုပ်စု၊ ၁၃။ နောင်တောကျေးရွာအုပ်စု၊ ၁၄။ ကျွန်းတောကျေးရွာအုပ်စု၊ ၁၅။ ပင်းမောင်ကျေးရွာအုပ်စု၊ ၁၆။ ယင်းသာကျေးရွာအုပ်စု၊ ၁၇။ သဒ္ဒတ်ကုန်းကျေးရွာအုပ်စု၊ ၁၈။ ကညင်ကုန်းကျေးရွာအုပ်စု၊ ၁၉။ ဝါးယူးသာကျေးရွာအုပ်စု၊ ၂၀။ နောင်းမူးကျေးရွာအုပ်စု၊ ၂၁။ နန်းတပ်ကျေးရွာအုပ်စု၊ ၂၂။ နောင်ပူအင်းကျေးရွာအုပ်စု။ |
| ၁၄ | ပင်လည်ဘူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ မြို့မရပ်ကွက် (ပင်လည်ဘူးမြို့)၊ ၂။ မိုးကောင်းရပ်ကွက် (ပင်လည်ဘူးမြို့)၊ ၃။ ကသောကျေးရွာအုပ်စု၊ ၄။ စင်လောင်ကျေးရွာအုပ်စု၊ ၅။ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ၆။ ကံကုန်းကျေးရွာအုပ်စု၊ ၇။ ကပ္ပန္တာကျေးရွာအုပ်စု၊ ၈။ ပေတာကျေးရွာအုပ်စု၊ ၉။ မံစီလေးကျေးရွာအုပ်စု၊ ၁၀။ ပင်းမူကျေးရွာအုပ်စု၊ ၁၁။ တောင်ကုန်းကျေးရွာအုပ်စု၊ ၁၂။ ဒီးဒေါက်ကျေးရွာအုပ်စု၊ ၁၃။ မိုင်းတုံးတာကျေးရွာအုပ်စု၊ ၁၄။ ကျေးသီးကျေးရွာအုပ်စု၊ ၁၅။ မော်ခွင်ကျေးရွာအုပ်စု၊ ၁၆။ မကျီးပင်ကျေးရွာအုပ်စု၊ ၁၇။ ကဘာကျေးရွာအုပ်စု၊ ၁၈။ မော်လင်ကျေးရွာအုပ်စု၊ ၁၉။ မော်ခါးကျေးရွာအုပ်စု၊ ၂၀။ ကာမဲကျေးရွာအုပ်စု၊ ၂၁။ နားလုံကျေးရွာအုပ်စု၊ ၂၂။ တိုက်မွန်းကျေးရွာအုပ်စု၊ ၂၃။ ဟဲသတ်ကျေးရွာအုပ်စု၊ ၂၄။ တောင်တလုံးကျေးရွာအုပ်စု၊ ၂၅။ ကြူတောကိုင်းကျေးရွာအုပ်စု၊ ၂၆။ တံတားကိုင်းကျေးရွာအုပ်စု၊ ၂၇။ နမ္မားကျေးရွာအုပ်စု၊ ၂၈။ ကြို့ပင်ဆိပ်ကျေးရွာအုပ်စု၊ ၂၉။ ရွာသာယာကျေးရွာအုပ်စု၊ ၃၀။ လိပ်ပြုတ်ကျေးရွာအုပ်စု၊ ၃၁။ ကင်းပန်းကျေးရွာအုပ်စု၊ ၃၂။ ကနီကျေးရွာအုပ်စု။ |
| ၁၅ | ဗန်းမောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ မြို့မရပ်ကွက် (ဗန်းမောက်မြို့)၊ ၂။ မြနန္ဒာရပ်ကွက် (ဗန်းမောက်မြို့)၊ ၃။ လွှစင်ကုန်းရပ်ကွက် (ဗန်းမောက်မြို့)၊ ၄။ အောင်သာကုန်းကျေးရွာအုပ်စု၊ ၅။ ကျွဲကောကြီးကျေးရွာအုပ်စု၊ ၆။ စက်တောကျေးရွာအုပ်စု၊ ၇။ လုံကင်းရွှေကျောင်းကျေးရွာအုပ်စု၊ ၈။ လက်နက်ကြီးကျေးရွာအုပ်စု၊ ၉။ ကံရွာကျေးရွာအုပ်စု၊ ၁၀။ လေးသီကျေးရွာအုပ်စု၊ ၁၁။ ပင်ဟင်းခါးကျေးရွာအုပ်စု၊ ၁၂။ ခိုနန်းကျေးရွာအုပ်စု၊ ၁၃။ မံကပ်ကျေးရွာအုပ်စု၊ ၁၄။ ပင့်စင်တဲကျေးရွာအုပ်စု၊ ၁၅။ ဒယူးကျေးရွာအုပ်စု၊ ၁၆။ စုံးတော်ကျေးရွာအုပ်စု၊ ၁၇။ ကျောက်တန်းကျေးရွာအုပ်စု၊ ၁၈။ စီးမော်ကျေးရွာအုပ်စု၊ ၁၉။ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ၂၀။ ကန်တော်ကျေးရွာအုပ်စု၊ ၂၁။ လိပ်စောမင်းကုန်းကျေးရွာအုပ်စု၊ ၂၂။ မံထုံကျေးရွာအုပ်စု၊ ၂၃။ တုံးလှော်ကျေးရွာအုပ်စု၊ ၂၄။ အင်းပေါက်ကျေးရွာအုပ်စု၊ ၂၅။ ကိုင်းကြီး |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ကျေးရွာအုပ်စု၊ ၂၆။ ဥမှင်ကျေးရွာအုပ်စု၊ ၂၇။ ပန်းတောကျေးရွာအုပ်စု၊ ၂၈။ ဟဲချိန်ကျေးရွာအုပ်စု။ |
| ၁၆ | ဗန်းမောက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ နောင်ကန်ကျေးရွာအုပ်စု၊ ၂။ မံလူကျေးရွာအုပ်စု၊ ၃။ ပင်ပုံကျေးရွာအုပ်စု၊ ၄။ စီကတောင်ကျေးရွာအုပ်စု၊ ၅။ မံလောင်ပေပင်ကျေးရွာအုပ်စု၊ ၆။ မံစီကြီးကျေးရွာအုပ်စု၊ ၇။ မံအင်ကျေးရွာအုပ်စု၊ ၈။ နောင်ပါတ်ကျေးရွာအုပ်စု၊ ၉။ နန့်မားကျေးရွာအုပ်စု၊ ၁၀။ နားနန့်ထွန်ကျေးရွာအုပ်စု၊ ၁၁။ မံယူးကြီးကျေးရွာအုပ်စု၊ ၁၂။ နန်းတပ်ကျေးရွာအုပ်စု၊ ၁၃။ ယာယူးကျေးရွာအုပ်စု၊ ၁၄။ စာခမ်းကျေးရွာအုပ်စု၊ ၁၅။ မံယူးပေကုန်းကျေးရွာအုပ်စု၊ ၁၆။ ကနန်းလိပ်စောကျေးရွာအုပ်စု၊ ၁၇။ ကနန်းနန်းဇားကျေးရွာအုပ်စု၊ ၁၈။ ကနန်းမကျီးကုန်းကျေးရွာအုပ်စု၊ ၁၉။ ကနန်းမူးသားကျေးရွာအုပ်စု၊ ၂၀။ ကနန်းရွှေကျောင်းကျေးရွာအုပ်စု၊ ၂၁။ ကနန်းဟဲကွီးကျေးရွာအုပ်စု၊ ၂၂။ ကနန်းနန်းညွှင်းကျေးရွာအုပ်စု။ |
| ၁၇ | ဝန်းသိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ ရွှေဝန်းသီတာရပ်ကွက် (ဝန်းသိုမြို့)၊ ၂။ စော်ဘွားကြီးရပ်ကွက် (ဝန်းသိုမြို့)၊ ၃။ ကျမိုင်းရပ်ကွက် (ဝန်းသိုမြို့)၊ ၄။ စစ်ကဲကြီးရပ်ကွက် (ဝန်းသိုမြို့)၊ ၅။ မက္ကလက်ကျေးရွာအုပ်စု၊ ၆။ ပန်းတိန်ကုန်းကျေးရွာအုပ်စု၊ ၇။ နမော်ကြီးကျေးရွာအုပ်စု၊ ၈။ မြောက်လည်ကျေးရွာအုပ်စု၊ ၉။ ရေဝေမြင်သာကျေးရွာအုပ်စု၊ ၁၀။ ကြိုင်းခွင်ကျေးရွာအုပ်စု၊ ၁၁။ ဝင်းကြီးကျေးရွာအုပ်စု၊ ၁၂။ မကြီးကုန်းကျေးရွာအုပ်စု၊ ၁၃။ အာမခံကျေးရွာအုပ်စု၊ ၁၄။ ကျောက်ပေါက်ခုန်ကျေးရွာအုပ်စု၊ ၁၅။ လက်ပန်ကြီးတောကျေးရွာအုပ်စု၊ ၁၆။ လွင်ကြီးကျေးရွာအုပ်စု၊ ၁၇။ အောင်းကုန်းကျေးရွာအုပ်စု၊ ၁၈။ မယ်ဇလီကျေးရွာအုပ်စု၊ ၁၉။ အင်းပုတ်ပေကုန်းကျေးရွာအုပ်စု၊ ၂၀။ တင်းဝါးချောင်းကျေးရွာအုပ်စု၊ ၂၁။ ချောင်းဖျားကျေးရွာအုပ်စု၊ ၂၂။ တပ်ကုန်းကျေးရွာအုပ်စု၊ ၂၃။ ကျောက်မဆင်ကျေးရွာအုပ်စု၊ ၂၄။ ညောင်ပင်သာကျေးရွာအုပ်စု။ |
| ၁၈ | ဝန်းသိုမြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) | ၁။ ကင်းမြင်သာကျေးရွာအုပ်စု၊ ၂။ ကြိမ်ဘူးကုန်းကျေးရွာအုပ်စု၊ ၃။ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ၄။ တောင်ဘို့လှကျေးရွာအုပ်စု၊ ၅။ ဆေးခင်းခုံကျေးရွာအုပ်စု၊ ၆။ မော်နိုင်းကျေးရွာအုပ်စု၊ ၇။ နမ်းခမ်းကျေးရွာအုပ်စု၊ ၈။ ညောင်ချေထောက်ကျေးရွာအုပ်စု၊ ၉။ တပ်လွင်ကျေးရွာအုပ်စု၊ ၁၀။ တောင်ကုန်းကျေးရွာအုပ်စု၊ ၁၁။ မကြီးပင်ကျေးရွာအုပ်စု၊ ၁၂။ ဖီလေးကျေးရွာအုပ်စု၊ ၁၃။ မိုင်းသုံကျေးရွာအုပ်စု၊ ၁၄။ အောင်းပင်ကျေးရွာအုပ်စု၊ ၁၅။ ကြင်းကြီးကျေးရွာအုပ်စု၊ ၁၆။ သက္ကယ်ကြင်းကျေးရွာအုပ်စု၊ ၁၇။ မော်ခါးကျေးရွာအုပ်စု၊ ၁၈။ ဂျီးတောင်ကျေးရွာအုပ်စု။ |
| ၁၉ | အင်းတော်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) | ၁။ အောင်မင်္ဂလာရပ်ကွက် (အင်းတော်မြို့)၊ ၂။ အောင်ချမ်းသာရပ်ကွက် (အင်းတော်မြို့)၊ ၃။ အောင်ဇေယျရပ်ကွက် (အင်းတော်မြို့)၊ ၄။ အောင်မေတ္တာရပ်ကွက် (အင်းတော်မြို့)၊ ၅။ နန့်ခင့်ကျေးရွာအုပ်စု၊ ၆။ နတ်မဟုတ် |

| စဉ် | မဲဆန္ဒနယ်အမှတ် | တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | | ကျေးရွာအုပ်စု၊ ၇။ ဆည်ရွာကျေးရွာအုပ်စု၊ ၈။ လယ်ပြင်ကျေးရွာအုပ်စု၊ ၉။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊ ၁၀။ ကျွန်တောကျေးရွာအုပ်စု၊ ၁၁။ တံခွန်တိုင်ကျေးရွာအုပ်စု၊ ၁၂။ မြောက်ကုန်းကျေးရွာအုပ်စု၊ ၁၃။ ဆိပ်သာကျေးရွာအုပ်စု၊ ၁၄။ မဲဇာကျေးရွာအုပ်စု၊ ၁၅။ အုပ်ရှစ်ကုန်းကျေးရွာအုပ်စု၊ ၁၆။ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ ၁၇။ နတ်ရေတွင်းကျေးရွာအုပ်စု၊ ၁၈။ လယ်နောင်ကျေးရွာအုပ်စု၊ ၁၉။ မကျီးပင်ကျေးရွာအုပ်စု၊ ၂၀။ အလယ်ဆိပ်ကျေးရွာအုပ်စု၊ ၂၁။ ဂျုံးဂျုံးကျကျေးရွာအုပ်စု၊ ၂၂။ ညောင်ကုန်းကျေးရွာအုပ်စု၊ ၂၃။ ကျောင်းကုန်းကျေးရွာအုပ်စု၊ ၂၄။ လက်ပန်တန်းကျေးရွာအုပ်စု၊ ၂၅။ သောင်မြင်းကျေးရွာအုပ်စု၊ ၂၆။ မအူကုန်းကျေးရွာအုပ်စု။ |
